First

**အောင်စိုးသူ**

## ဒီမိုး ဒီလေ ဒီလူတွေနှင့်

# ဒီသိုးနိုးပြီလား

ရေးချင်လို့ရေးခဲ့တဲ့ First Weekly News ခေါင်းကြီးများ

# ဒီမိုး ဒီလေ ဒီလူတွေနှင့် ဒီခရီး နီးပြီလား

## အောင်စိုးသူရဲ့ သစ္စာစကား

'Law is a flags, and gold is the wind that makes it wave.

ဥပဒေသည် အလံတစ်ခုဖြစ်၍ ရွှေသည် ထိုအလံကို လွင့်အောင် လိုက်သောလေဖြစ်၏ ' ဟူသော ဆိုရိုးအရ တရားမျှတသော ဥပဒေများ ပြဋ္ဌာန်း၍ စစ်မှန်ပြီး တရားမျှတသည့် နိုင်ငံတစ်ခုအား စိုးမိုးအုပ်ချုပ် မင်းလုပ်ခြင်းသည် နိုင်ငံတစ်ခု၏ အလံလည်း ဖြစ်ပေ၏။ ထိုအလံအား ကြွားကြွားဝင့်ဝင့်နှင့် ငွားငွားစွင့်စွင့် ကမ္ဘာ့လေထုထဲတွင် လွင့်နေအောင် တိုက်ပေးသည့်လေသည် စစ်မှန်သော၊ အနှောင်အဖွဲ့ ကင်းသော၊ လွတ်လပ်သော၊ မျှတသော မီဒီယာ `လေ' ဖြစ်၏။

အပတ်စဉ် The First Weekly News Journal တွင် ရေးသားခဲ့သော ခေါင်းဆောင်ကြီး (အယ်ဒီတာ့စကားများသည်) အချုပ်အခြာ အာဏာပိုင်ဆိုင်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အုပ်ချုပ်မှုအလံတော်အား ကမ္ဘာ့လေထုထဲတွင် ထာဝစဉ် တလူလူလွင့်နေစေရန်အတွက် စစ်မှန်သော တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်ဖြင့် အုပ်ချုပ်သူ၊ လူထုကိုယ်စားလှယ်နှင့် လူထုကြီးအား တွန်းအားပေးခဲ့ခြင်းဟု သစ္စာစကား ဆိုချင်ပါသည်။ တစ်ပတ်အတွင်း ကျွန်ုပ်တို့ မြန်မာပြည်သူလူထုကြီးကြား ဖြစ်သွားနေသည့် စိတ်ခံစားချက်များ၊ အလိုဆန္ဒများ၊ အလိုမပြည့်ဝမှုများ၊ အနာဂတ် ရည်မှန်းချက်များ၊ အနာဂိတ်စိတ်ကူးများနှင့် ဝေဒနာအမောများကို ထင်ဟပ်စေသည့် မြန်မာနိုင်ငံရေးသမိုင်း သဲလွန်စများလည်း ဖြစ်၏။ ရက်စွဲများကို ကြည့်ပြီး မြန်မာ့နိုင်ငံရေး ဖြစ်စဉ်များအပေါ် အတွေးရသ၊ သမိုင်းရသ၊ သဲလွန်စများ ဖြစ်သည်ကိုတော့ ရဲရဲယုံကြည်ပေးစေချင်ပါသည်။

မှန်ကန်သော သစ္စာစကားတစ်ခွန်းမှာ ကျွန်ုပ်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုး တိုးတက်စေချင်သော စိတ်၊ ကျွန်ုပ်တို့

မြန်မာပြည်သူလူထုကြီးအနေဖြင့် စစ်မှန်သော ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းလိုစိတ် ပြင်းပြစေချင်သည့် စိတ်၊ ဘဝများ၊ အနာဂတ်များ၊ လုံခြုံစိတ်ချ၊ ဒုက္ခကင်းစေသော စိတ်ဆန္ဒနှင့် အတိတ်သမိုင်း သင်ခန်းစာတို့အား ရယူသုံးစွဲရင်း နိုင်ငံနှင့် လူမျိုးထုအား ဖြစ်ထွန်းတိုးတက်စေချင်သော စေဒနာအရင်းခံများကြောင့် The First Weekly News Journal တွင် အပတ်စဉ် (ရေးချင်လွန်း၍ မရေးရမနေနိုင် ခံစားရလွန်း၍ ရေးသားခဲ့သော အယ်ဒီတာ့စကားများသာ ဖြစ်ပါ၏ ။) ဤသစ္စာစကား တစ်ခွန်းအား ခေတ်ကြီးကို သက်သေထား၍ လည်းကောင်း၊ စနစ်ကြီးကို သက်သေထား၍ လည်းကောင်း၊ မြန်မာလူထုကြီးအား သက်သေထား၍ လည်းကောင်း၊ ကျွန်တော် ခိုင်ခိုင်မာမာ စကားသစ္စာ ဆိုရဲပါသည်။

**အားလုံးကို လေးစားစွာ**

**အောင်စိုးသူ**

**အယ်ဒီတာချုပ်**

**အမှုဆောင် အရာရှိချုပ်**

**The First Weekly News Journal**

*

## သတင်းစာဆရာ၊ စာရေးဆရာမကြီး စမ်းစမ်းနွဲ့ (သာယာဝတီ)၏ အမှာ

သတင်းစာဆရာ၊ စာရေးဆရာတို့သည် လူ့အဖွဲ့အစည်းတွင် ဖြစ်ပျက်သမျှ ပဋိပက္ခစစ်မျက်နှာများမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲလေ့ ရှိကောင်းရှိမည် ဖြစ်သော်လည်း အရေးပါသော နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု အခန်းကဏ္ဍများမှာတော့ မပျက်မကွက် တာဝန်ကျေရစမြဲ ဖြစ်ပါသည်။ ထိုသို့ တာဝန်ကျေမှသာလျှင် ထိုစာရေးဆရာ၊ သတင်းစာဆရာသည် သမိုင်းလည်း လှ၊ လိပ်ပြာလုံမည်လည်း ဖြစ်၏ ။

ထိုသို့သော လူမှုတိုက်ပွဲများ၏ အမှားနှင့်အမှန်၊ မျှတခြင်းနှင့် မမျှတခြင်း၊ တရားမှုနှင့် မတရားမှု၊ ဓမ္မနှင့် အဓမ္မအပေါ် ဂေဖန်သုံးသပ်၊ အကဲဖြတ်မှတ်တမ်းတင်ခြင်းကိစ္စမှာ သတင်းစာဆရာ၊ စာရေးဆရာတို့သည် အဓိကတာဝန်လည်း ဖြစ်ကြောင်း First Weekly သတင်းဂျာနယ် အယ်ဒီတာချုပ်၊ First Media Group အမှုဆောင် အရာရှိချုပ် ဆရာအောင်စိုးသူ အပတ်စဉ်ရေးသားခဲ့သော သတင်းဂျာနယ်ခေါင်းကြီး (အယ်ဒီတာအာဘော်) များက သက်သေပြလျက် ရှိသည်ကိုလည်း တွေ့ရှိရမည် ဖြစ်ပါသည်။

First Weekly သတင်းဂျာနယ် စတင်ထူထောင် ထုတ်ဝေချိန်မှစ၍ ရင်ဆိုင်ဖြတ်သန်းလာသမျှ မြန်မာ့နိုင်ငံရေး ကာလရှည်တစ်လျှောက်လုံး စာဖတ်သူများ မျက်ခြေမပြတ်သင့်သည့် အကြောင်းအချင်းအရာ မှန်သမျှကို တာဝန်ကျေစွာ မပျက်မကွက် ရေးသားတင်ပြလေ့ ရှိသည့် ဆရာအောင်စိုးသူ စိတ်အားထက်သန်သော တိုင်းပြည်နှင့် လူထုအပေါ်ထားသည့် လုံ့လစေတနာကို ဆရာရေးသားသည့် အယ်ဒီတာ့အာဘော်များတွင် အထင်သား ဖတ်ရှုရသည်ကိုလည်း များစွာ လေးစားရပါသည်။ အထူးလည်း ဂုဏ်ယူမိပါသည်။

အယ်ဒီတာချုပ်အဖြစ် တာဝန်ယူရေးသားခဲ့သည့် ဆရာအောင်စိုးသူ၏ Frist Weekly သတင်းဂျာနယ် အာဘော်များသည် မြန်မာ့နိုင်ငံရေးပြဒါးတိုင်လည်း

ဖြစ်၏ ။ လူထုပရိသတ်၏ ရင်ခုန်သံလည်း ဖြစ်၏ ။ မြန်မာ့နိုင်ငံရေး အပြောင်းအလဲတို့သည် မည်သည့်ဘက်သို့ ချိန်ခွင်လျှာ ယိမ်းထိုးသွားသည်၊ မြန်မာပြည်သူ လူထုကြီး၏ လက်ရှိဘဝရှင်သန်ရပ်တည်မှု၊ စိတ်ပါဝင်စားမှုတို့ကို အပတ်စဉ် အမိအရ ဖမ်းဆုပ်ကာ ရေးသားထားသည်ကိုလည်း တွေ့ရ၏ ။

ဆရာအောင်စိုးသူ ရေးသားသည့် အယ်ဒီတာ့အာဘော် (သတင်းဂျာနယ်ခေါင်းကြီး) များက စာဖတ်ပရိသတ်နှင့် လူထုအား တွေးတောဆင်ခြင်တုံတရားကို လှုံ့ဆော်ထားသည်ကိုလည်း တွေ့ရမည် ဖြစ်၏ ။ အာစရိပုံစံ၊ ဩဇာပြစည်းရုံးခြင်း၊ အလျှဉ်းမရှိခြင်းကြောင့်လည်း ဆရာအောင်စိုးသူ အပတ်စဉ်ရေးသားသည့် Frist Weekly သတင်းဂျာနယ်ခေါင်းကြီးများကို လှိုက်လှိုက်လှဲလှဲ အနုမောဒနာ ပြုမိပါသည်။ တစ်ဆက်တည်း ဆရာအောင်စိုးသူ၏ စစ်မှန်မှုတသော တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်များနှင့် အမိပြည်ထောင်စု နိုင်ငံတော်ကြီးကို အားကောင်းမောင်းသန် ဖြစ်စေချင်သည့် စေတနာများကိုလည်း ဆရာရေးသားသည် အယ်ဒီတာ့အာဘော်များတွင် အထင်းသား တွေ့ရှိရသည့်အတွက် လေးစားရပါသည်။

သူ့ကို ကိုယ်ကြည့်၊ ကိုယ့်သူကြည့်နှင့် တွေ့ပေပြီးမှ သံယောင်လိုက်လေ့ရှိသော အာဘော်မျိုး ဆရာအောင်စိုးသူ၏ အယ်ဒီတာ့စကား ဂျာနယ်ခေါင်းကြီးတွင် မတွေ့မမြင်ခဲ့ရခြင်းကြောင့်လည်း အနာဂတ်အတွက် ကျွန်မ၏ ယုံကြည်စိတ်ချမှုသည် ခိုင်မာခဲ့ရပါသည်။

အရေးပါသော ကိစ္စရပ်များသည် သမိုင်းဖြစ်၍ နောက်ချန်ပျက်ကွက်ခြင်း မရှိသော မှတ်တမ်းများမှာ သမိုင်း၏ ကွင်းဆက်များလည်း ဖြစ်ပါသည်။

အယ်ဒီတာချုပ် ဆရာအောင်စိုးသူ အပတ်စဉ် ရေးသားသည့် Frist Weekly သတင်းဂျာနယ် အယ်ဒီတာ့အာဘော်များကို ယခုလို ဒုတိယတွဲအဖြစ် စုစည်းထုတ်ဝေခြင်းသည် ကျွန်မတို့အတွက် ကျိုးကြောင်းဆင်ခြင်တုံတရားနှင့်

သုံးသပ်စဉ်းစားဖွယ်ရာ သမိုင်းမှတ်တမ်းကွင်းဆက်များကို ထိုက်ထိုက်တန်တန် လက်ခံရလိုက်ခြင်းလည်း ဖြစ်ပါသည်။

ဆရာအောင်စိုးသူ ရေးသားခဲ့သည့် ယခင်ထုတ်ဝေပြီး `လူထုကြိုက်အောင်လုပ်' ခေါင်းစဉ်နှင့် ရေးချင်လို့ရေးခဲ့သည့် အယ်ဒီတာ့အာဘော် စုစည်းမှုစာအုပ်ကဲ့သို့ ယခု `ဒီမိုး၊ ဒီလေ၊ ဒီလူတွေနှင့် ဒီခရီးနီးပြီလား' အမည်ရှိ အယ်ဒီတာ့အာဘော် (သတင်းဂျာနယ် ခေါင်းကြီး) များ စုစည်းမှုစာအုပ်သည်လည်း နိုင်ငံရေးနှင့် ခေတ်သမိုင်းကို စိတ်ဝင်စားသည့် လူထုပရိသတ်ကြား အတွေးများ၊ အကျိုးများမည်ဟု ယုံကြည်ပါသည်။

နိုင်ငံနှင့် လူမျိုးကို စစ်မှန်စွာ ချစ်တတ်သော စာဖတ်ပရိသတ်နှင့် လူထုအတွက် First Weekly သတင်းဂျာနယ်တွင် အပတ်စဉ် ရေးသားခဲ့သည့် ဆရာအောင်စိုးသူ၏ အယ်ဒီတာ့အာဘော်များအား ထုပ်ထုပ်ပိုက်ပိုက် ဖတ်ရှုသိမ်းဆည်းရမည်ဖြစ်သော စာလက်ဆောင်မွန်စာအုပ်တစ်အုပ် ဖြစ်ပါကြောင်း....။

**ချစ်ခင်လေးစားစွာဖြင့်**

**စမ်းစမ်းနွဲ့ (သာယာဝတီ)**

**6, March 2014**

*

ဒီမိုကရေစီစနစ်က နုနု၊ ခေတ်သစ်ခေါင်းဆောင်တွေက များများ၊
လက်ခမောင်းခတ်သံတွေက တညံညံ၊ ဒီလိုပုံမျိုးဖြင့် မိုးကြိုးမချုပ်စေချင်

ဒီမိုကရေစီစနစ်က နုနု

ဒီမိုကရေစီစနစ်၏ ပင်မကျောရိုးမှာ စည်းကမ်းရှိခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ အပြန်အလှန် လေးစားအသိအမှတ်ပြုခြင်းဟု ယေဘုယျပြောရမည်လည်း ဖြစ်၏။ ဒီမိုကရေစီစနစ်သည် ပြည်သူ့လက်ဝယ်တွင်ရှိသော အခွင့်အာဏာကို ပြည်သူလူထုအကျိုး၊ သယ်ပိုးနိုင်သော ခေါင်းဆောင်ကောင်းအား စိတ်တိုင်းကျ ရွေးချယ်၍ လည်းကောင်း၊ အာဏာပါဝါအပ်နှင်း၍ လည်းကောင်း၊ ရွေးချယ်ဦးဆောင်စေသော စနစ်လည်း ဖြစ်၏။ နှစ်ပေါင်း ၆၀ ကျော်ကြာ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဆိတ်သုဉ်းခဲ့ရသည်။ အာဏာရှင်စနစ် လွှမ်းမိုးခဲ့သည်၊ ငှါးမြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငှါးလှေငါထိုး၊ ပဲခူးရောက်ရောက် ဆိုသူများကြောင့် ကျွန်ုပ်တို့၏ ဒဘဂများသည် နှစ်ပေါင်း ၆၀ ကျော်တွင် အတွေးအခေါ်၊ အယူအဆမှစ၍ ဘဂရပ်တည်မှု၊ နည်းပညာအစုံ၊ စုတ်ပြတ်သတ်ခဲ့ကြရသည်ကို တွေ့ရမည်လည်း ဖြစ်၏။ ပြည်သူ၏ အခွင့်အာဏာ လက်လွတ်ဆုံးရှုံးခဲ့ရခြင်းသည် ကျွန်ုပ်တို့ ပြည်သူများ၏ ညံ့ဖျင်းမှုလည်း ပါဝင်သလို ခေါင်းဆောင်များ၏ ညံ့ဖျင်းမှုလည်း ပါဝင်သည်ကို ယထာဘူတာကျကျ လေ့လာပါက တွေ့ရမည်လည်း ဖြစ်၏။ ပါလီမန်ဒီမိုကရေစီခေတ် သန္ဓေတည်စကာလမှာပင် ကျွန်ုပ်တို့သည် လမ်းမများပေါ် ဆေးရိုးထွက်လှမ်းခဲ့ကြ၏။ ခါတော်မှီ ဒီမိုကရေစီမင်းသားများအဖြစ် သရုပ်ဆောင်ဖို့ ပင်နီတိုက်ပုံများကို သူ့ထက်ငါ အပြိုင်ဝတ်ခဲ့ကြ၏။ နောက်လိုက်ကောင်း မွေးမြူခြင်းထက် သူ့ထက်ငါ ခေါင်းဆောင်ဖြစ်လိုစိတ်၊ မင်းသားဖြစ်လိုစိတ်၊ နေရာရလိုစိတ်များကြောင့် ပြည်သူ၏ ဘနဖူးကို မိမိရာထူးနေရာအတွက် အပြိုင်အဆိုင် မက်လုံးပေး၊ သိုက်တူးခဲ့ကြသူများသာ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင်

ပေါ်ထွက်လွှန်းခဲ့သည်ကိုလည်း ဝန်ခံရမည် ဖြစ်၏။ ပြည်သူကို လိမ်၏။ ညာ၏။ မက်လုံးပေး၏။ အိပ်မက်ပေး၏။ ရာထူး၊ အာဏာ၊ ပါဝါ၊ နေရာရရှိပြီးနောက် ပြည်သူကို မြေစာပင်များကဲ့သို့ပင် သဘောထားခဲ့ကြတော့၏။ ထို့ကြောင့် ဒီမိုကရေစီ သန္ဓေလောင်းများသည် လမစေ့မီ ပျက်ကျခဲ့ရသည်မှာ နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့သည်ပင် မဟုတ်ပါလား။ ယခုအခါ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် တကျော့ပြန် ဒီမိုကရေစီစနစ်သည် သန္ဓေတည်လာခဲ့ပြန်၏။ ခေတ်၏ တောင်းဆိုမှု၊ ကမ္ဘာကြီး၏ တောင်းဆိုမှု၊ လူသားအားလုံး၏ တောင်ဆိုမှုပင် ဖြစ်၏။

*

ခေါင်းဆောင်တွေက များများ

မြန်မာပြည်နိုင်ငံရေး ရာဇဝင်စာမျက်နှာကို မျှတသော အတွေးစိတ်ဖြင့် ခွဲခြားစိတ်ဖြာ လေ့လာကြည့်ပါက တွေ့ရမည့်အကြီးမားဆုံး အချက်သည် ခေါင်းဆောင်တွေ များခြင်းဖြစ်၏။ စည်းလုံးညီညွတ်သော၊ နိုင်ငံတော်နဲ့ နိုင်ငံသားများအား ချစ်သော၊ ခေါင်းဆောင်များခြင်းသည် ကောင်း၏။ သို့သော် မြန်မာ့ရာဇဝင်တွင် မရေမတွက်နိုင်လောက်အောင် များပြားခဲ့သော နိုင်ငံရေးခေါင်းဆောင်များသည် မနာလိုစိတ်၊ ဝန်တိုစိတ်၊ နေရာရလိုစိတ်၊ ရထူးပါဝါ ရလိုစိတ်၊ အတ္တကြီးလွန်းသော စိတ်၊ မိမိ မိသားစု၊ မိမိ အသိုင်းအဝိုင်း ကောင်းစားလိုစိတ်၊ စားဖားခြင်း ဖေးမညီညွတ်လိုသော စိတ်၊ လူတော်လူကောင်း မရွေးချယ်တတ်သော စိတ်၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲသာ ဖိတ်ရမည်ဆိုသည့် သူယုတ်မာစိတ်ဓာတ်များဖြင့် ခေါင်းဆောင်လုပ်လိုသူများသာ များခဲ့၏။ အဖြေကား နှစ်ပေါင်း ၆၀ ကျော်ကြာ တစ်ပါတီအာဏာရှင်စနစ်အောက်တွင် နိုင်ငံတော်ရော၊ နိုင်ငံသားများရော၊ ပြားပြားမှောက်ခဲ့ကြရသည်ကို တွေ့ရမည် ဖြစ်၏။

ထို့ကြောင့်ပင် ပြည်သူ့စာဆိုကြီး ရွှေတိုင်ညွန့်က `အကျင့်ဆိုး' သီချင်းထဲတွင် ခေတ်သစ်ခေါင်းဆောင်များ၏ သူတစ်လူ၊ ငါတစ်မင်း ပြောကြားနေခြင်းများထက် ခေါင်းဆောင်တစ်ဦးတည်း၏ ပြောကြားမှုကိုသာ နားထောင်မည်။ ခေါင်းဆောင်လုပ်လိုသူတွေ များလှသည်ဟု ရေးသားခဲ့သည်ကို တွေ့ရမည်ဖြစ်၏။ စည်းလုံးညီညွတ်မှုမရှိ၊ ကိုယ်ကျိုးသာကြည့်သည့် ခေါင်းဆောင်ဆိုသူများ၏ မိုးတစ်လုံး လေတစ်လုံး ခြိမ်းသံပေးမှုများကို ပြည်သူတို့ ယုံခဲ့ကြ၏။ ပုံခဲ့ကြ၏။ အပ်ခဲ့ကြ၏။ ထို့ကြောင့်ပင် နိုင်ငံရေးလူလည်ခေါင်းဆောင်တို့၏ နှပ်ခြင်းကိုလည်း ခံခဲ့ကြရသည်ကို သမိုင်းစာမျက်နှာပေါ်တွင် အထင်အရှား တွေ့ရ၏။

*

## လက်ခမောင်းခတ်သံတွေက တညံညံ

ယခုတလော ဆန္ဒထုတ်ဖော်ပွဲများကို နေရာဒေသ ခပ်စိတ်စိတ်တွင် ကြားသိမြင်တွေ့လာရသည်။ ဒီမိုကရေစီစနစ်၏ အဓိပ္ပါယ်သည် ပြည်သူလူထု၏ စစ်မှန်သော ဆန္ဒကို သတ်မှတ်ထားသော စည်းကမ်းဥပဒေအတွင်း လွတ်လပ်စွာ ဖော်ထုတ်ပြသခွင့်ဟူသည့် အချက်လည်း ပါဝင်၏။ ပြည်သူအချို့၏ ဆန္ဒထုတ်ဖော်ပွဲများကို ဒီမိုကရေစီစနစ် အခြေတည်စ၊ သန္ဓေလောင်းဘဝပြယုဂ်အဖြစ် ခပ်စိတစိတ် မြင်တွေ့ကြားသိလာရသည့်အခါတိုင်း ဇာစ်မြစ်ကို လေ့လာ၏။ ဖြစ်စဉ်ကို စူးစမ်း၏။ ထိုအခါ ကျွန်ုပ်တို့၏ စိတ်ထဲတွင် မြန်မာနိုင်ငံ ဒီမိုကရေစီစနစ် အခြေတည်စ ပါလီမာန်ခေတ်ဦးကာလ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းအချို့ကို ပြန်လည်အမှတ်ရ ကြားယောင်နေမိပြန်၏။

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့

စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ နိုင်ငံတော်လည်း တိုးတက်မယ်၊ ပြည်သူတွေလည်း အကျိုးခံစားခွင့် ရှိကြမှာပဲ၊ ဒီလိုမဟုတ်ဘဲ ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အဖွဲ့အစည်းအသီးသီး အကွဲကွဲအပြားပြား လုပ်နေကြရင် နိုင်ငံတော်အတွက် အကျိုးရှိမှာ မဟုတ်ဘူးဟု ဖခင်ဗိုလ်ချုပ်က ဆိုခဲ့၏။ ညီညွတ်ရေးနှင့် ပတ်သက်၍ လည်း ဗိုလ်ချုပ်အောင်ဆန်းက...

"နိုင်ငံရေးစားဖားတွေ ညီညွတ်ဖို့မလိုဘူး၊ ဘယ်သူတွေ ညီညွတ်မယ်ဆိုရင် တက်ခေတ်ဗမာပြည်က လူငယ်နိုင်ငံရေးသမားတွေ ဉာဏ်အမြော်အမြင် ရှိရှိနဲ့ ညီညွတ်မယ်ဆိုရင် ဗမာပြည်ညီညွတ်မှာပဲ၊ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ အကြောင်းပြချက် မလုံလောက်ဘဲ မညီမညွတ်ဖြစ်နေကြရင် ဦးနှင်းပွဲထောင် လုပ်နေကြရင်၊ အချုပ်အခြာအာဏာပိုင် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်နိုင်မှာ မဟုတ်ဘူး" ဟု ၁၉၄၇ ခုနှစ် မတ်လ ၁၉ ရက်နေ့က လူထုတွေ့ဆုံပွဲတွင် ပြတ်ပြတ်သားသား ပြောခဲ့၏။ မြန်မာပြည်အနာဂတ်နှင့် ပတ်သက်၍ လည်း ဗိုလ်ချုပ်က...

"နိုင်ငံရေးမှာ မစားရတဲ့အမဲ၊ သဲနဲ့ပက်ချင်သူတွေကို ကျွန်တော် ဖေဒင်ဟောထားနှင့်မယ်ဟု အစချီပြီး မြန်မာပြည်မှာ လူညွန့်ခူးစားနေတဲ့ နိုင်ငံရေး စားဖားကြီးတွေရဲ့ မြှောက်ထိုးပင့်ကော် လုပ်မှုတွေကို ယုံစားနေသမျှ ပြည်သူတွေ တစ်သက်လုံး လူလုံးမထနိုင်ဘူးလို့ ကျွန်ုပ် ဒီကနေ ဖေဒင်ဟောခဲ့မယ်၊ လူငယ် နိုင်ငံရေးသမားတွေ အနေနဲ့လည်း သိပ်မမိုက်ကြဘဲ တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့၊ ဒါမှသာ လွတ်လပ်ရေးရဲ့အရသာကို ကျပ်ပြည့်ဒင်ပြည့် ခံစားရမှာ" ဟု မိန့်ကြားခဲ့သည်ကို အမှတ်ရလိုက်မိ၏။ မြန်မာ့နိုင်ငံရေး ခေတ်အဆက်ဆက်တွင် ခေတ်သစ်နိုင်ငံရေး မင်းသားများ၏ လက်ခမောင်းခတ်သံများကိုသာ ပြည်သူလူထု ကြားခဲ့ရ၏။ ယုံခဲ့ရ၏။ ဘဝတွေ အနာဂတ်တွေ ပုံခဲ့ရ၏။ မြေစာပင် ဖြစ်ခဲ့ကြရ၏။ အဖွဲ့အစည်းတွေလည်း များ၏။

ခေါင်းဆောင်ဆိုသူတွေလည်း ပေါ၏။ ညီညွတ်က ကောင်း၏။ မညီညွတ်က ဆိုးကျိုးများသာ ဖြစ်ဖို့များသည်ဟု ဆိုကြ၏။

*

ဒီလိုပုံမျိုးဖြင့် မိုးကြီးမချုပ်စေချင်

ခေတ်သစ်နိုင်ငံရေး မင်းသားလုပ်လိုသူများ၊ မိမိအမည်ကို ထင်ပေါ်ကျော်ကြားစေလိုသူများ၊ နိုင်ငံရေး စတန့်ထွင်လိုသူများနှင့် ပတ်သက်၍လည်း ဗိုလ်ချုပ်က...

"သတင်းစာတွေကိုလည်း ပြောလိုက်မယ်၊ ဒီအစိုးရလက်ထက်နဲ့ အခြားအစိုးရလက်ထက် သေသေချာချာ နှိုင်းယှဉ်ကြည့်စေချင်တယ်၊ ကျုပ်တို့ ဘယ်လိုအစိုးရလဲဆိုတာ သိစေချင်တယ်၊ ကျုပ်တို့ကို ထောက်ခံချင် ထောက်ခံ၊ အားပေးချင်လည်း အားပေး၊ အတိုက်အခံဝေဖန်ချင်တဲ့ သတင်းစာကလည်း ဝေဖန်၊ သဘောအတိုင်းပဲ၊ ဆိတ်လစေ့သတင်းစာလည်း လုပ်ချင်လုပ်ကြ" ဟု ကျွန်ုပ်တို့ဖခင်ကြီးက မသမာသူ၊ နိုင်ငံရေးလုပ်စားချင်သူများကို ကြော်ငြာပေးချင်ပေးကြဟူသော အဓိပ္ပါယ်ရသည့် မိန့်ကြားချက်ကို ပြန်လည်ကြားယောင်နေမိ၏။ အမှန်စင်စစ် တရွေ့ရွေ့ ပြောင်းလဲလာသော နိုင်ငံရေးအခင်းအကျင်းသစ်နှင့်အညီ ကျွန်ုပ်တို့၏ စိတ်ဓာတ်များသည်လည်း Check and Balance ဖြစ်ဖို့ လို၏၊ အပြောင်းအလဲနှင့်အတူ လိုက်ပါပြောင်းလဲဖို့ လို၏၊ မနာလိုခြင်း၊ ဝေဖန်ခြင်း၊ သဝန်တိုခြင်း၊ အသံကောင်းဟစ်ခြင်း၊ မက်လုံးပေးခြင်း၊ နေရာရလိုခြင်း၊ ကြီးနိုင်ငယ်ညှင်းစိတ်ရှိခြင်း၊ မြေနိမ့်ရာ လှံစိုက်ခြင်း၊ ပွဲလန့်တုန်းဖျာခင်းခြင်းစသည့် လုပ်ရပ်တို့သည် လူဖျင်းလူညံ့တို့၏ လုပ်ရပ်လည်း မည်၏။ လုပ်တတ်သော အကျင့်လည်း မည်၏။ လူတစ်ယောက်၏ မြင့်မြတ်မှုဟူသည်

ထိုလူ၏ ကိုယ်ကျင့်တရားနှင့် အပြန်အလှန် လေးစားမှု၊ အသိအမှတ်ပြုမှု၊ စာနာမှုအပေါ်တွင် မူတည်၏ ။ တစ်ဦးချင်း၏ အကျင့်စာရိတ္တလည်း တစ်ဦးချင်း၏ ကံကြမ္မာကို ဖော်ဆောင်၏ ။ နိုင်ငံတော်၏ ကံကြမ္မာနှင့် နိုင်ငံသားတို့၏ ကံကြမ္မာကောင်းများကို ထုဆစ်ပုံဖော်ကြမည့် ကျွန်ုပ်တို့သည်လည်းကောင်း၊ ကျွန်ုပ်တို့ ပြည်သူများတွင်လည်းကောင်း၊ စွန့်လွှတ်သင့်သော စိတ်ကို မလွဲမသွေ စွန့်လွှတ်ပယ်ဖျောက်ကြမည်လည်း ဖြစ်၏ ။ သို့မဟုတ်မူ အကျင့်ဆိုး၊ ညဉ့်ဆိုး၊ စရိုက်ဆိုးများကို ဖက်တွယ်လျက်ရှိနေဦးမည် ဆိုမူ မိုးချုပ်သွားခြင်းသာ အဖတ်တင်ပေလိမ့်မည်။ အမှန်စင်စစ် ဒီလိုပုံမျိုးဖြင့် ကျွန်ုပ်တို့ မိုးကြီးချုပ်သွားမည်ကို စိုးရိမ်ထိတ်လန့်နေမိပေတော့သတည်း....။

*

# ပြည်သူကို ခုံရုံးထား၍ စကားပြောမည်။
# ပြည်သူကို ဆန့်ကျင်လျှင် ကမ္ဘာ့အပြင် ထွက်ကြ

## (၁)

`ဘက်⍰ ဟူသော စကားကို ကျွန်ုပ်တို့လူမှန်း သိတတ်စအချိန်ကာလကတည်းကပင် ကြားဖူးခဲ့၊ နားရည်ဝခဲ့၏။ လူ့လောကတွင် လူတစ်ယောက်အဖြစ် ရပ်တည်ရှင်သန်မှုသည် မည်သည့်ဘက်တွင် ရှိသနည်းဟု ယထာဘူတကျကျ ခွဲခြမ်းစိတ်ဖြာနိုင်သူသည် လူ့သမိုင်းအစဉ်အဆက် နည်းလွန်းခဲ့ကြသည်ကိုလည်း ဝန်ခံရမည် ဖြစ်ပေသည်။ ကျွန်ုပ်တို့လူအများ၏ အဇ္ဈတ္တတွင် လူတစ်ယောက်အား ချစ်ပြီဆိုလျှင် သေလွန်သည့်အခါ နတ်ပြည်ပို့၏။ မုန်းတီးသူတစ်ယောက် သေဆုံးသည့်အခါတွင်လည်း ငရဲပို့တတ်သူများ ဖြစ်၏။ `ဘက်⍰ ဟုဆိုရာ၌ လည်း မိမိအကျိုး၊ မိမိမိသားစုအကျိုး ဆောင်ရွက်ပေးသူဘက်တွင် မှားမှားမှန်မှန် ရပ်တည်ပေးရန် ဝန်မလေးသူများလည်း ဖြစ်၏။ ဓမ္မ၊ အဓမ္မ၊ အမှန်၊ ကောင်းကျိုး၊ ဆိုးကျိုးအပေါ် ဖေခွဲရပ်တည်လိုသူ နည်းပါးခဲ့ကြ၏။ ထိုသို့သော် ကိုယ်ကျိုးကြည့် ရပ်တည်မှုဘက်သည် မှားယွင်းသော ရပ်တည်မှုလည်း ဖြစ်၏။ သူတော်ကောင်းစိတ်၊ သူတော်ကောင်းအကျင့်ရှိသူ လူပီသသူတို့သည် မိမိရပ်တည်သောဘက်ကို အမှန်တရားဖြင့်သာ နှိုင်းယဉ်၏။ မျှတမှုဖြင့်သာ ချိန်စက်၏။ စာနာစိတ်ဖြင့် နှိုင်းယှဉ်၏။ အမှားကို မိမိအကျိုးတစ်ခုတည်း ကြည့်ပြီး အမှန်ဟု မယုံကြည်၊ အဓမ္မကိုလည်း မိမိတစ်ဘဝစာ ကြည့်ပြီး မျက်စိမှိတ် နားပိတ်ကာ လက်မခံတတ်သူများလည်း ဖြစ်၏။ ထိုကဲ့သို့သော သူတော်ကောင်းစိတ်နှင့် လူ့နှလုံးသားရှိသူတို့သည်ကား တိုင်းပြည်နှင့် လူမျိုးကို ချစ်၏။ မြေနိမ့်ရာကို လှံမစိုက်လိုကြ။ တောမီးလောင်စဉ် တောကြောင်ကဲ့သို့ လက်ခမောင်း မခတ်လိုကြ၊ မိမိအတ္တကို သူတော်ကောင်းစိတ် အရေခြုံ၍ လူထုအကျိုး၊ အများအကျိုးဟု အသံကောင်းဟစ်ရင်း ခေတ်သစ်ခေါင်းဆောင် မဖြစ်လိုကြသည်ကို တွေ့ရပေမည်။ ယခုအခါ

ကာလသည်ကား ကျွန်ုပ်တို့နိုင်ငံတွင်….။

*

## (၂)

လူ့ဘောင်လောက ဇာတ်ခုံတွင်လည်းကောင်း၊ နိုင်ငံရေးဇာတ်ခုံတွင်လည်းကောင်း၊ စီးပွားရေး၊ လူမှုရေးဇာတ်ပုံ နယ်ပယ်များပေါ်တွင် လည်းကောင်း၊ မိမိကိုယ်မိမိ နည်းမျိုးစုံဖြင့် ကြေညာရင်း မင်းသားလုပ်ချင်သူများ၏၊ ခေါင်းဆောင်ချင်သူများ၏၊ ထင်ပေါ်ချင်သူ၊ ကျော်ကြားချင်သူ၊ ရာထူးရူးသူ၊ နေရာရူးသူများ၏ တိုးတက်စပြုသော ဖြစ်စဉ်ကို ရှုပ်ထွေးပွေလီအောင် လုပ်သူများ၏၊ ထောင်ခြောက်ဆင်သူများ၏၊ ထိုကဲ့သို့သော် လူလည်နိုင်ငံရေးသမားများ၊ စားဖားလူလည်များကို တွေ့ရပါများလာသည့်အခါ အနာဂတ်နိုင်ငံတော်နှင့် အနာဂတ်ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး ခရီးလမ်းအတွက် မချင့်မရဲတွေးမိရင်း နိုင်ငံရေး အတိမ်အနက်ကို ချိန်စက်ကာ ပင့်သက်အခါခါ ချမိခဲ့သည်ကိုလည်း ဝန်ခံပါ၏။ အမှန်စင်စစ် ပြည်သူ့အတွက်၊ ပြည်သူ့ဘက်သာ ရပ်တည်မည့် ပညာဉာဏ်ရှိသော ခေါင်းဆောင်များ များစွာလို၏။ ဆင်ခြင်တုံတရားရှိသော ခေါင်းဆောင်များ များစွာလို၏။ အပေါစား လက်ခုပ်သံများကို ဆန့်ကျင်ရဲသော ခေါင်းဆောင်များစွာ လို၏။ အမှန်စင်စစ် တိုင်းပြည်နှင့် လူမျိုးကို နှလုံးသည်းပွက်ထဲမှ နက်ရှိုင်းစွာ ချစ်တတ်သော ခေါင်းဆောင်များထက် မိုးကျရွှေကိုများကိုသာ တွေ့နေရ၏။ အဖွဲ့အစည်း၊ အသင်းအပင်း ပျက်စီးခြင်း၊ နိုင်ငံတော်မူဝါဒ ပျက်စီးခြင်း အကြောင်း (၃)ပါး ရှိ၏။
(၁) ဗဟုနေတ္တာရ - လမ်းပြနည်းညွှန် အမွန်ဦးစီး အကြီးအမှူးခေါင်းဆောင် လုပ်လိုသူပေါများခြင်း၊ စိတ်ဓာတ်ညံ့ဖျင်း ဂုဏ်ရည်ကင်းသည့် အသင်းအပင်း

အဖွဲ့အစည်း ပေါများခြင်းများကြောင့်လည်း ပျက်စီးတတ်၏။ (၂) သဗ္ဗပဏ္ဍိတမာနီ - အဖွဲ့အစည်းဝင်အားလုံး၊ အသင်းသူအသင်းသားအားလုံး မိမိကိုယ်မိမိ ပညာရှိသည်၊ ငါတို့လုပ်၍ ဖြစ်သည်၊ ငါတို့သာလျှင် တော်၏၊ ငါတို့သာလျှင် တတ်၏၊ ငါတို့ခေါင်းဆောင်၍ သာ ရသည်ဟူသော ဘဝင်စိတ်ဖြင့် စိတ်ကြီးဝင်သူ များပြားခြင်းများကြောင့်လည်း ပျက်စီးတတ်၏။ (၃) ဗဟုမဟိတ္တ - ရာထူး၊ နေရာ၊ လုပ်ပိုင်ခါင့်၊ အာဏာ၊ မက်မောသူ များပြားနေခြင်းများကြောင့်လည်း တိုင်းပြည်၊ လူမျိုး၊ အသင်းအပင်း၊ အဖွဲ့အစည်းများ ပျက်စီးတတ်သည်ဟု သာရတ္ထသင်္ဂဟအဋ္ဌကထာတွင် အထင်အရှား ပြဆိုခဲ့သည်ကို တွေ့ရမည်လည်း ဖြစ်၏။ ယခုအခါကာလသည်ကား...။

*

## (၃)

ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်သည် နိဗ္ဗာန်ဖြစ်၏။ ပန်းတိုင်ကို ရောက်ဖို့ရာဆိုလျှင် မဂ္ဂဇင်(၈)ပါးလမ်းစဉ်ကို ကျင့်ကြံပွားများရာ၏။ ထို့အတူ လူ့ဘောင်လောက၏ အခွင့်အရေး၊ လူထုအာဏာ၊ လူထုထံတွင်သာရှိသည့် ဒီမိုကရေစီဟူသော စနစ်နှင့်ခေတ်ကို ထူထောင်ဖို့ဆိုလျှင် ဒီမိုကရေစီကျင့်စဉ်ကို ကျင့်ရာ၏။ ဒီမိုကရေစီဟူသော ဝေါဟာရအသုံးအနှုန်းနှင့် သိမ်မွေ့နက်နဲသော အဓိပ္ပါယ်စွမ်းဆောင်ရည်ကို အလွဲသုံးစား မပြုသင့်ပေ။ ကျွန်ုပ်တို့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက `မှောက်သင့်လို့ မှောက်တဲ့သပိတ်တွေကို ထောက်ခံကြောင်း၊ သို့သော် တချို့သော သပိတ်မှောက်မှုတွေဟာ ဘေးကသွေးထိုးလို့၊ မြှောက်ပေးလို့၊ ထင်ပေါ်ချင်လို့၊ ကျော်ကြားချင်လို့ စသည်ဖြင့် မခိုင်မာသော အကြောင်းပြချက်များဖြင့် တဖြိမ်းဖြိမ်း သပိတ်မှောက်နေမှုများကြောင့်

သပိတ်တန်ဖိုးကျစေသည်ဟု အတိအလင်း ပြောခဲ့၏။ ပြည်သူသည် အမိ၊ ပြည်သူသည် အဖ၊ ပြည်သူကို ခုံရုံးထား၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးအားကြည့်ရင်း စကားပြောကြစေချင်သည်။ ဆန္ဒထုတ်ဖော်ကြစေချင်သည်။ လက်တစ်ဆုပ်စာ တို့မီးရှို့မီးများ၏ မှိုင်းတိုက်အသုံးချမှုများဖြင့် လူထုကို လမ်းမှားသို့ မပို့ဆောင်သင့်တော့ပေ။ အသံကောင်းမဟစ်သင့်တော့ပေ။ ခေတ်သစ်ခေါင်းဆောင်များ မလုပ်သင့်တော့ပေ။ အဆိုပါလုပ်ရပ်များကို ကျူးလွန်သူတို့သည် နိုင်ငံတော်နှင့် ပြည်သူကို ဆန့်ကျင်ခြင်းဖြစ်၏။ ယနေ့ ပြည်သူ့ဆန္ဒတို့သည်ကား...။ အမိနိုင်ငံတော်ကို တိုးတက်စေချင်၏။ မိမိလူမျိုး၊ ဘာသာကို ကမ္ဘာ့အလည်တွင် ဝင့်ထည်တောက်ပစေချင်၏။ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲ၊ အတူတကွ ရင်ဆိုင်၊ အတူတကွ ဖူးပွင့်စေချင်လိုလှပြီ၊ ငြိမ်းချမ်းချင်၏။ တည်ငြိမ်ချင်၏။ ဘဂများ လုံခြုံစေချင်၏။ တရားဥပဒေ စိုးမိုးစေချင်၏။ ထိုကဲ့သို့သော ပြည်သူ့ဆန္ဒ အစစ်အမှန်များကို ဆန့်ကျင်ကာ တစ်ကိုယ်ကောင်းဆန်သူများ၊ ခေတ်သစ်နိုင်ငံရေးသမားများ၊ လူလည်၊ လူတွင်ကျယ်များ၊ ကမ္ဘာ့အပြင်ကို ထွက်ခွာသွားစေချင်သည်မှာ ပြည်သူလူထု၏ ဆန္ဒစစ်စစ်ပင် ဖြစ်ပါသည်။ ကိုယ်ကျင့်တရား မကောင်းသော၊ စိတ်ဓာတ်မကောင်းသော၊ ပညာတတ်ကို လူတော်လူမိုက်ဟု ခေါ်၏။ လူတော်လူမိုက်တို့သည် လူလောကအလှကို ဖျက်ဆီးတတ်၏။ ကိုယ့်ကျင့်တရားကောင်းသော၊ ပညာမဲ့သောသူကို လူကောင်း၊ လူအဟု ခေါ်၏။ ထိုသူသည် လူလောက၏ အလှကို ထိန်းသိမ်းနိုင်စွမ်း ရှိ၏။ ကိုယ်ကျင့်တရားလည်း ကောင်းသည်။ ပညာဉာဏ် ဆင်ခြင်တုံတရားနှင့်လည်း ပြည့်စုံ၏။ ကိုယ်ကျိုးလည်း စွန့်လွှတ်၏။ အများအကျိုးကို ရှေ့ရှု၏။ ထိုပုဂ္ဂိုလ်အား လူတော်လူကောင်း၊ လူရည်မွန်ဟု ခေါ်၏။ အနှီပုဂ္ဂိုလ်သည် လူလောကနှင့် လူအမျိုးအလှ၊ နိုင်ငံတော်အလှကို တည်ဆောက်သူလည်း ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံသူ နိုင်ငံသားတို့သည် ဒီမိုကရေစီဟူသော ကျွန်ုပ်တို့၏ လက်ဝယ်၌ ရှိသည့် ကျွန်ုပ်တို့အာဏာကို စနစ်တကျ တန်ဖိုးထားရင်း၊ စနစ်တကျ ပြသနိုင်ဖို့

လိုအပ်နေချိန်လည်း ဖြစ်၏ ။ ထိုသို့မဟုတ်မူ….။

*

## (၄)

နိုင်ငံတစ်နိုင်ငံ၏ အကူးအပြောင်းကာလသည် ပြောင်းလဲလိုသူများနှင့် ပြောင်းလဲချင်သူများ၊ ပြောင်းလဲခံရမည့်သူများ၊ Check in Balance ဖြစ်ရေးမှာ အလိုအပ်ဆုံးအရာလည်း ဖြစ်၏ ။ ထိုသို့ဖြစ်ရန်မှာလည်း ကျွန်ုပ်တို့၏ စိတ်ဓာတ်ဆိုးများကို ပယ်ဖျောက်စွန့်လွှတ်ရဲသည့် သတ္တိလည်း ရှိဖို့လို၏ ။ တန်ဖိုးရှိသော လူတော်လူကောင်းတစ်ယောက် ဖြစ်ရေးဆိုသည်မှာ အတွေးအမြင်များကို စကားလုံးများအဖြစ် လေ့ကျင့်ရမည်လည်း ဖြစ်၏ ။ စကားလုံးများကို လေ့ကျင့်ရင်းဖြင့် လူတစ်ယောက်၏ အပြုအမူကို တည်ဆောက်ရမည် ဖြစ်၏ ။ အပြုအမူကို တည်ဆောက်ရင်း အလေ့အထဖြစ်ဖို့ လို၏ ။ အလေ့အထအား အကျင့်စရိုက်၊ အကျင့်စရိုက်အား အရည်အချင်းများအဖြစ် လေ့ကျင့်ယူရမည်လည်း ဖြစ်၏ ။ စာရိတ္တမဲ့ရင် လူမဲ့ဖြစ်မည်။ လူမဲ့များက တိုင်းပြည်မဲ့မည်ကို ဆင်ခြင်သတိရှိဖို့ လိုအပ်ပေသည်။ ရှေးပညာရှိတို့က ဆို၏ ။ မိမိစိတ်ဓာတ်နှင့် မိမိအကျင့်စရိုက် ကောင်းသည်ဆိုးသည်ကို မစဉ်းစား။ သူများကောင်းသလား ဆိုးသလားဆိုသည်ကို စဉ်းစားဝန်တိုနေသူသည် ရှုံးနေသူသာ ဖြစ်၏ ။ လူလောကတွင် ရောက်ရှိရှင်သန်မှုသည် လမ်းသလားရုံသက်သက် ရောက်ရှိလာခြင်းလည်း မည်၏ ။ အနှီပုဂ္ဂိုလ်များသော နိုင်ငံသည် မွဲ၏ ။ အနှီပုဂ္ဂိုလ်များသော လူလောက အသိုင်းအဝိုင်းသည် မည်သည့်အခါတွင်မှ အထက်တန်းစား အဆင့်အတန်းကို မရောက်ရှိနိုင်ဟု ဆိုခဲ့ကြ၏ ။ ကျင့်လည်ရာ အသိုင်းအဝိုင်းတိုင်းတွင် မိမိကိုယ်မိမိ မှန်ကန်သောရှုမြင်မှုဖြင့် ဝေဖန်ပိုင်းခြားကာ

မိမိမည်သည့်ဘက်တွင် ရပ်တည်နေသနည်း၊ ခမ္ဘလား၊ အခမ္ဘလား၊ အမှားလား၊ အမှန်လား၊ ဝေခွဲကြဖို့ သင့်ပေပြီ။ အရေးကြီးဆုံးမှာ တိုင်းပြည်နှင့် လူမျိုးချစ်စိတ်ကို ပြင်းပြင်းထန်ထန် မွေးမြူရင်း နိုင်ငံတော်လှေကြီးကို မလူးအောင်၊ မလိမ့်အောင်၊ မရှုပ်ထွေးအောင်၊ လမ်းမဖြောင့်အောင် သမိုင်းပေးသင်ခန်းစာများကို အတုယူ၍ စိတ်ဓာတ်ဆိုးများကို မဖြစ်မနေ ပြင်ရပေလိမ့်မည်။ မိမိစိတ်ဓာတ်နှင့် အကျင့်စရိုက်ဆိုးများအား ပြည်သူကို ခုံရုံးထား၍ စကားပြောကြချိန်တန်ပေပြီ။ ပြင်ချိန်တန်ပေပြီ။ ထိုသို့မဟုတ်မူ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်၊ ရိုးသားသော ပြည်သူကို အသုံးချ၍ အသံကောင်းဟစ်သော ခေတ်သစ်နိုင်ငံရေးသမား၊ နေရာသမား၊ နေရာရှူးစိတ်ဓာတ်များဖြင့် တို့မီးရှို့မီး၊ ပွဲလန့်ဖျာခင်းသူများသည် ပြည်သူကို ဆန့်ကျင်သူများ ဖြစ်၏ ။ အနီပုဂ္ဂိုလ်များသည် ကမ္ဘာ့အပြင်ဘက်၊ လူ့ဘောင်အပြင်ဘက်ကို ထွက်ကြချိန် တန်ပေပြီဟုသာ ပြတ်ပြတ်သားသား ကျွန်ုပ်တို့ ဆိုလိုက်ချင်ပါတော့သတည်း။

*